## ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ BIA, BDA, PBF တပ်မတော်သားဟောင်းများ၏ တတိယအကြိမ် တပ်မတော်သို့ပန်ကြားချက်

(၁၅ – ၇ –၂၀၀၃)

၁။ မင်းလုပ်တဲ့သူဟာ ပြည့်ဝမ်းမဖောက်ရ၊ ပြည့်ဦးကင်းမနှိမ်ရ၊ ပြည့်တံခွန်မလှဲရ၊ ပြည့်မျက်နှာမဖျက်ရ၊ ပြည်စွယ်ကိုမချိုးရ၊ ပြည့်ခြေလက်ကို မဖြတ်ရဟု ဖတ်မှတ်ခဲ့ရ၏။ ယနေ့မင်းလုပ်နေသော နအဖ လည်း ဖတ်မှတ်ဖူးမည်ပင်။ ဗိုလ်သန်းရွှေတို့က မလုပ်ရတာအားလုံးကို လုပ်လိုက်ပြီ။

ကျွန်ုပ်တို့သမိုင်းတွင် တရုတ်ပြေးမင်းရှိသည်။ ကုလားကျမင်းရှိသည်။ ပါတော်မူမင်းရှိသည်။ ယခုတော့ နအဖ မင်းကို ပြည်ဖျက်မင်းဟု သမိုင်းတွင် စာတင်ရတော့မလိုဖြစ်နေပြီ။

၅/၃၀ ဖြစ်ပြီးနောက်တွင် ပြဿနာပေါ်စရာရှိသည့် နိုင်ငံများသို့ ဒု၀န်ကြီးလွှတ်ကာ ပြဿနာပေါ်စရာမရှိ အဆင်ချောသည့် နိုင်ငံများသို့ ၀န်ကြီးကိုလွှတ်ပြီး ခေတ်ပုံသံခင်းတမန်ခင်း (ဒီပလိုမေစီ) လုပ်ရသည်အထိ ဗိုလ်သန်းရွှေ ကြံရာမရ ဖြစ်နေသည်။ ၀န်ကြီးကို ဗိုလ်သန်းရွှေ ယုံကြည်ဟန် မတူပါ။ ခိုင်းရာမလုပ် ပျော့ညံ့သည်ဟုထင်၍ ချောင်ထိုးလိုက်ခြင်းဖြစ်ကြောင်းကို တွေးကြည့်သူတိုင်း သိနိုင်သည်။ ဗိုလ်သန်းရွှေနှင့် အပေါင်းပါများသည်။ လုပ်တုန်းကလုပ်ခဲ့ပြီး ယခုမှ ကလေးကလားဆန်ဆန် ခေတ်ပုံပြကာ သနားပါ၊ ငဲ့ညှာပါဟု ခြေကိုဖက်တောင်းပန်နေရပြီ။

ဒေါ်အောင်ဆန်းစုကြည်က မွေးနေ့တွင် လူထုအားဖြင့် အာဏာသိမ်းဖို့ စီစဉ်သည်ဟု စွပ်စွဲကြောင်း အင်္ဂလိပ်သတင်းစာ တစောင်က ဖွင့်ချတာ ကြားလိုက်ရသည်။ (၈၈၈၈) တစ္ဆေ ကြီး ဗိုလ်သန်းရွှေတို့ကို ခြောက်လှန့်နေတာ ထင်ရှားသည်။

၂။ (၈၈၈၈) အခြေအနေနှင့် ယနေ့အခြေအနေ မတူပါ။ ယနေ့အခြေအနေက ပိုပြင်းထန်သည်။ ၁၉၈၈ မတိုင်မီက လူထုကို လှုံ့ဆော်ပြီး စစ်အစိုးရကို စိန်ခေါ်သူ အနည်းအကျဉ်းသာ ရှိသည်။ မည်သူတွေစိန်ခေါ်သလဲဆိုတာကို ဗိုလ်ခင်ညွန့်က အကြိမ်ကြိမ်ရှင်းပြခဲ့ပြီးပြီ။ ရှင်းပြချက် မလုံလောက်ဟုထင်၍ ဗိုလ်အောင်ကြီးက အမေရိကန်ထွက်ပြီး ကျွတ်ကိုက်၍သေသည့်မသာအဖြစ် နတ်သံနှောကာ ၀င်ရှင်းပေးခဲ့သည်။

ယခုတွင်ကား စိန်ခေါ်မည့်သူတွေ များလှသည်။ ဥပဒေတွင်းအင်အားစုများက စိန်ခေါ်သည်။ ဥပဒေပ ရောက်နေရသည့် အင်အားစုများက စိန်ခေါ်သည်။

ယခင်က ‘ဗကပ’ အသံလွှင့်ရုံ **(PVB)** တခုတည်းကပဲ လူထုကို အသံလွှင့်လှုံ့ဆော်ခဲ့ရသည်။ ယခုကား များမှများ။ ထို့အပြင် အိုင်တီခေတ်ဖြစ်၍ ဗမာပြည်တွင်းသို့ ၀ါဒဖြန့်/လှုံ့ဆော်စာများမရောက်အောင် မဟာတံတိုင်းခတ်ထား၍မရပါ။

နအဖ ကြာကြာတောင့်မခံနိုင်ပါ။ စေ့စပ်ဆွေးနွေးပွဲဖြင့် ပလ္လင်ပေါ်မှ ဆွဲမချရလျှင် လူထုက အင်အားဖြင့်ဆွဲချကြတော့မည်။

အချိန်မနှောင်းမီ ပြင်စေလိုသောစေတနာဖြင့် **‘သားရွှေအိုးထမ်း’ လမ်းစဉ် လုပ်ကြဖို့ ၂ ကြိမ် နှိုးဆော်ခဲ့သည်။ ယခုတော့ အချိန်နှောင်းသွားခဲ့ပြီ။** ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ခံကြပေတော့ဟု ဗိုလ်သန်းရွှေနှင့် အပေါင်းပါများကို ပြောလိုသည်။ လက်ရှိထမ်းဆောင်ဆဲ တပ်မတော်သားအားလုံးသို့လည်း စစ်အုပ်စုမင်းဆက်လက်အောက်မှ တိုင်းပြည်ကို ကယ်တင်ကြပါ – အခုမကယ်လျှင် တိုင်းပြည်တကယ် ပြိုပျက်တော့မည်ဟု သတိပေးလိုက်ပါသည်။ ဤပန်ကြားချက်ကို ကျွန်ုပ်တို့အနေနှင့် နောက်ဆုံးအကြိမ် ပန်ကြားခြင်း ဖြစ်သည်။